ဇွန် (၂၅)

**မိမိကိုယ်နှင့်ပတ်သက်၍အကျိုးမဖြစ်ထွန်းသော အတွေးများတွေးရန် သွေးဆောင်ဖြားယောင်းမှုကို ခံရတိုင်း ယင်းအစား ကောင်းသောအရာတို့အတွက် ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းပါ။**

**သင်**သည် ဘုရားသခင် ချစ်ခြင်းမေတ္တာ၏ အထူးဖန်ဆင်းခြင်း ပင်ဖြစ်သည်။ ထို့ကြောင့် အပြစ်အနာဆာ အနည်းငယ်နှင့် ပတ်သက်၍ ပူပင်မှုမရှိပါနှင့်။ ဘုရားသခင်သည် မိမိတို့အား အနာအဆာမရှိ ပြည့်စုံအောင်ဖန်ဆင်းခဲ့လျှင် ကျွန်ုပ်တို့ မည်မျှဂုဏ်မောက်ကြလိမ့်မည်နည်း။ ကိုယ့်ကိုယ်ကို ဖြောင့်မတ်မှန်ကန်သည်ဟု မည်မျှထင်မှတ်ကြလိမ့်မည်နည်း? ထိုသို့ပြုမည့်အစား သူသည်မိမိတို့အား အပြစ်အနာဆာ အနည်းငယ်ပေးထားခဲ့ရာ မိမိတို့အားလုံးတွင် ရှိကြသည်။ သို့သော်လည်း ဘုရားသခင်သည် သင့်အား ထိုအပြစ်အနာဆာများကိုသာ ကြည့်၍မနေစေလို။ အကောင်းကို သင်ကြည့်ရှုရန် သူအလိုရှိ၏။

မိမိကိုယ်နှင့်ပတ်သက်၍ အကျိုးမဖြစ်ထွန်းသည့် တစ်စုံတစ်ရာကိုတွေ့မိရန် သွေးဆောင်ခြင်းခံရတိုင်း ဘုရားသခင်က သင့်အား ကောင်းချီးပေးထားသည့် တစ်စုံတစ်ခု သင်၏ ကျန်းမာရေးကောင်းမွန်မှု ကျန်းမာပြည့်စုံသည့်စိတ် သို့မဟုတ် မိမိ၌အခြားသူတို့အားကျစုံမက်ကြသည့် အရည်အသွေး ပါရမီအချို့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါ။ သင့်အနေနှင့် ဘုရားသခင်အား ကျေးဇူးတင်စရာ အရာပေါင်းများစွာ ရှိနေပါသည်။

သင့်အနေနှင့် ထိုထက်မည်မျှပို၍ အခြေအနေဆိုးဝါးနိုင်သည်ကို တွေးကြည့်ပါ။ မိမိတို့ထက် အခြေအနေပို၍ ဆိုးဝါးသောသူတို့အကြောင်းကို စဉ်းစားပါ။ နာတာရှည်ရောဂါနှင့် ရုန်းကန်တိုက်ခိုက်နေရသူ တစ်ယောက်အတွက် ဆုတောင်းပေးပါ။ အားအင်ချိနဲ့နေသော မသန်မစွမ်းမှုနှင့် နေ့စဉ်ကိုင်တွယ် ဖြေရှင်းနေရသော သူတစ်ဦးအတွက် ဆုတောင်းပေးပါ။ ယောဘသည် သူ၏မိတ်ဆွေများအတွက် ဆုတောင်းပေးသောအခါ သူသည်မိမိ၏ပြဿနာများမှ ကယ်တင်ခြင်းကိုခံခဲ့ရသည်။ (ယောဘ ၄၂း၁၀)

အကျိုးဖြစ်ထွန်းသည့် ချဉ်းကပ်မှုကိုရယူပါ။ ထိုအခါ မကြာသောကာလအတွင်း သင်၏ အကျိုးမဖြစ်ထွန်းသော အတွေးများအား လုံ့ဆော်သူစာတန်ကိုယ်တိုင် သို့မဟုတ် သူ၏နောက်လိုက် လူယုံတစ်ဦးတစ်ယောက်က လက်မြှောက်အရှုံးပေးသွားလိမ့်မည်။ သင်၏ ဝိညာဉ်ရေးဆိုင်ရာရန်သူက သင်၏ဂုဏ်တော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းများက သူ့ကိုအချိန်တိုင်း တွန်းလှန်ပစ်နိုင်ကြောင်း တွေ့ရသောအခါ သင့်အားအကျိုးမဖြစ်ထွန်းသည့် အတွေးများဖြင့် သင့်အားသွေးဆောင်ခြင်းကိုမပြုမီ အသေအခြာထပ်မံစဉ်းစားရတော့မည်ဖြစ်ရာ ထိုအတွက် သင်သည်ကျေးဇူးတင်နိုင်သည်။